EVER FLOW RIVER GROUP
PUBLIC CO., LTD.

# INVITATION

## ဒသမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး
## ဖိတ်ကြားလွှာ

# $10^{th}$
# Annual General Meeting
## Ever Flow River Group Public Company Limited

Ever Flow River Group Public Company Limited ၏ ဒသမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကို Online Platform အသုံးပြု၍ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ တက်ရောက်နိုင်ပါရန် အသိပေး ဖိတ်ကြားအပ်ပါသည်။

Ever Flow River Group Public Company Limited would like to notify and cordially invite shareholders to its 10th Annual General Meeting, which will be convened online as per the following programme.

**Date**
$29^{th}$ October, 2026
(Thursday)

**Time**
3:00 p.m. to 5:00 p.m.

**Platform**
Zoom Online Meeting

# မာတိကာ

# Table of Contents


| | | |
|---|---|---|
| ဒသမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး အခမ်းအနားအစီအစဉ်<br>Agenda of 10th Annual General Meeting | --------------------- | 1 |
| ဒသမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ဆွေးနွေးအတည်ပြုရန် ကိစ္စရပ်များ<br>Topics to be discussed at the 10th Annual General Meeting | --------------------- | 2-3 |
| အစုရှယ်ယာရှင်များ သိရှိရန် လိုအပ်သည့်အချက်များ<br>Important Notice to Shareholders | --------------------- | 4-6 |
| နှစ်ပတ်လည် အထွေထွေအစည်းအဝေးတက်ရောက်ရန် ကိုယ်စားလှယ်လွှဲစာပုံစံ<br>Proxy Form for Annual General Meeting | --------------------- | 7-9 |
| ဒါရိုက်တာအဖြစ် အရွေးခံရန် အဆိုပြုနိုင်သည့် အစုရှယ်ယာရှင်၏ အရည်အချင်း သတ်မှတ်ချက်များ<br>Director’s Qualifications | --------------------- | 10 |
| ၂၀၂၆-၂၀၂၇ ခုနှစ်အတွက် Ever Flow River Group Public Co., Ltd. ၏ ဒါရိုက်တာအဖြစ် ပါဝင်အရွေးခံလိုသူ၏ ကိုယ်ရေးမှတ်တမ်းအကျဉ်း<br>Personal Profile for Director Election | --------------------- | 11-12 |

# ဒသမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး အခမ်းအနားအစီအစဉ်

## Agenda of $10^{th}$ Annual General Meeting

| | | |
|---|---|---|
| အစီအစဉ် (၁): | 3:00 p.m. | အစည်းအဝေးစတင်ကြောင်း ကြေညာခြင်း။<br>Commencement of the AGM. |
| အစီအစဉ် (၂): | 3:05 p.m. | ဒါရိုက်တာအဖွဲ့ဝင်များအား မိတ်ဆက်ပေးခြင်း။<br>Introduction of BOD members. |
| အစီအစဉ် (၃): | 3:10 p.m. | အစည်းအဝေးသဘာပတိမှ အဖွင့်အမှာစကား ပြောကြားခြင်း။<br>Call to Order and Welcome Speech by Chairman of the AGM. |
| အစီအစဉ် (၄): | 3:20 p.m. | အမှုဆောင်အရာရှိချုပ်(ယာယီ)မှ လုပ်ငန်းအကြောင်း ရှင်းလင်းတင်ပြခြင်း။<br>Business Presentation by the Group CEO (Temporary) |
| အစီအစဉ် (၅): | 3:50 p.m. | ပြင်ပစာရင်းစစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ် အစီအရင်ခံစာ အား ဖတ်ကြားတင်ပြခြင်း<br>Presenting 2025-2026 Audit Report by the External Auditor. |
| အစီအစဉ် (၆): | 4:05 p.m. | ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ်ခန့်အပ်မှုကို အတည်ပြုရန် နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၏ နှစ်ချုပ်စာရင်းရှင်းတမ်းကို ဖတ်ကြား အတည် ပြု ရန်။<br>To approve the appointment of an external auditor for the 2026-2027 financial year, and to read and approve the annual financial statements for the 2025-2026 financial year. |
| အစီအစဉ် (၇) | 4:10 p.m. | ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်အတွက်ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များစာရင်းနှင့် ကော်မတီပြောင်းလဲ ဖွဲ့စည်းခြင်းအား ကြေညာခြင်း။<br>Announcement regarding the list of the Company's Board of Directors and the reconstitution of committees for the 2026-2027 financial year. |
| အစီအစဉ် (၈) | 4:15 p.m. | ဒုဥက္ကဋ္ဌမှ အဆိုပြုထားသော ဆုံးဖြတ်ချက်များအား တင်ပြခြင်းနှင့် ဆုံးဖြတ်ချက်များ၏ မဲရလဒ်များကို ကြေညာခြင်း။<br>Announcement of the Proposed Resolutions and the Voting Result by Vice Chairman of the AGM. |
| အစီအစဉ် (၉): | 4:20 p.m. | အမေး အဖြေ ကဏ္ဍ<br>Q&A Section |
| အစီအစဉ် (၁၀): | 4:30 p.m. | နိဂုံးချုပ်စကား ပြောကြားခြင်းနှင့် နှစ်ပတ်လည်အထွေထွေအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးဆုံးကြောင်း ကြေညာခြင်း။<br>Closing Remarks and Declaration of the Successful Completion of the $10^{th}$ AGM. |

## ဒသမအကြိမ်မြောက်
## နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ဆွေးနွေးအတည်ပြုရန် ကိစ္စရပ်များ
## Topics to be discussed at the 10th Annual General Meeting

Ever Flow River Group Public Company Limited ၏ ဒသမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတွင် အောက်ဖော်ပြပါ ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်မည်ဖြစ်ပါသည်။

The following topics will be discussed and resolved at Ever Flow River Group Public Company Limited's 10th Annual General Meeting.

၁။ ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် တို့၏ နှစ်ချုပ်စာရင်းနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အတည်ပြုရန်။

To approve the Audited Financial Statements of FY 2025-2026.

၂။ ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၏ ဒါရိုက်တာအဖွဲ့ အစီအရင်ခံစာကို အတည်ပြုရန်။

To approve the Directors' Report of FY2025-2026.

၃။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေပုဒ်မ (၁၇၃) အပိုဒ်ခွဲ (ခ)အရ အလှည့်ကျ ဒါရိုက်တာ သုံးပုံတစ်ပုံ နုတ်ထွက်ရမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ ဒါရိုက်တာများ နုတ်ထွက်ခြင်းအား အတည်ပြုရန်။

(က) ဦးမောင်မောင်ဦး

(ခ ) ဒေါ်ခင်ဆုံ

"For the 2026–2027 financial year, in accordance with Section 173(b) of the Myanmar Companies Law, one-third of the directors must resign by rotation, and the following directors will accordingly resign."

(A) U Maung Maung Oo

(B) Daw Khin Sone

၄။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်များ ရွေးချယ် ခန့်အပ်မှုကိုအတည်ပြုရန်။

ယခုနှစ်အတွက်နုတ်ထွက်သွားသောဒါရိုက်တာနှစ်ဦးအားပြန်လည်ရွေးချယ်ခန့်ထားပါသည်။ အလှည့်ကျတာဝန် ထမ်းဆောင်ခြင်းအတွက် ရွေးချယ်ခြင်းခံရသော ဒါရိုက်တာများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(က) ဦးကျော်လွင်ဦး

(ခ ) ဦးမောင်မောင်ဦး

(ဂ ) ဒေါ်ခင်ဆုံ

(ဃ) ဦးသန်းအောင်

To approve the election and appointment of directors for the 2026–2027 financial year.

Two directors who resigned this year have been re-elected.

The directors selected for rotation are as follows:

(A) U Kyaw Lwin Oo

(B) U Maung Maung Oo

(C) Daw Khin Sone

(D) U Than Aung

၅။ MNA Limited အား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ်အဖြစ် ပြန်လည်ခန့်အပ်မှုကို အတည်ပြုရန်။

To re-appoint MNA Limited as the independent audit firm for FY 2026-2027.

## အစုရှယ်ယာရှင်များ သိရှိရန် လိုအပ်သည့်အချက်များ

## Important Notice to Shareholders

၁။ အစည်းအဝေး အကြောင်းကြားစာကို ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့ ရန်ကုန်စတော့အိတ်ချိန်း (YSX)ရှိ အစုရှယ်ယာရှင်များ စာရင်းအရ ပေးပို့မည်ဖြစ်ပါသည်။

The 10$^{th}$ AGM notice will be sent out to each shareholder in accordance with the Yangon Stock Exchange (YSX) General Shareholder Confirmation List recorded on 22$^{nd}$September, 2026.

၂။ ကုမ္ပဏီ၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် သတင်းအချက်အလက်များကို နှစ်ပတ်လည် အထွေထွေ အစည်းအဝေးကျင်းပမည့် နေ့ရက်မတိုင်မီ အစုရှယ်ယာရှင်များ ကြိုတင်ဖတ်ရှုနိုင်စေရန်အတွက် ကုမ္ပဏီ၏ website www.efrgroupmyanmar.com နှင့် Yangon Stock Exchange (YSX) website https://ysx-mm.com တို့တွင် အချိန်မီ တင်ပြပေးထားမည်ဖြစ်ပါသည်။

The Annual Report will be disclosed timely on our Company's website www.efrgroupmyanmar.com and Yangon Stock Exchange (YSX) website https://ysx-mm.com beforehand the date of the AGM.

၃။ အစုရှယ်ယာရှင်များထံ အစည်းအဝေးတက်ရောက်ရမည့် Zoom Online Meeting ID နှင့် Password ကို SMS နှင့် Email တို့ဖြင့် ပေးပို့အကြောင်းကြားရမည်ဖြစ်ရာ အစုရှယ်ယာရှင်များ၏ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများတွင် မှတ်ပုံတင်ထားသည့် နေရပ်လိပ်စာ၊ Email နှင့် Mobile ဖုန်းနံပါတ်များ မှန်ကန်ရန် လိုအပ်ပါသည်။

Since the Company will send the Zoom Online Meeting ID and Password to Shareholders via SMS and Email, the shareholders' registered address, email and mobile phone numbers on Securities Companies are needed to be accurate.

၄။ အစုရှယ်ယာရှင်များအနေဖြင့် (၅-၁၀-၂၀၂၆) ရက်နေ့မှ (၂၀-၁၀-၂၀၂၆) ရက်နေ့အတွင်း ကုမ္ပဏီ Website တွင် ဝင်ရောက်၍ Online Registration မှတ်ပုံတင်ခြင်းကို ပြုလုပ်နိုင်ပါသည်။

Shareholders can make online registration on our Company's Website between 5$^{th}$ October, 2026 and 20$^{th}$ October, 2026.

၅။ သို့ဖြစ်ပါ၍ အစုရှယ်ယာရှင်များအနေဖြင့် ပေးပို့သည့် ဖိတ်ကြားလွှာရောက်ရှိချိန်၌ ဖိတ်စာပေါ်တွင် ဖော်ပြထားသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၌ မှတ်တမ်းတင်ထားသော အစုရှယ်ယာရှင်၏ Mobile ဖုန်းနံပါတ်အား မှန်/မမှန် စစ်ဆေးပေးရန်နှင့်၊ Mobile ဖုန်းနံပါတ် ပေးထားခြင်းမရှိပါက၊ (သို့မဟုတ်) ကွဲလွဲနေပါက မိမိတို့၏ Mobile ဖုန်းနံပါတ် အမှန်များအား +959 889948890 ထံသို့ ၂၀-၁၀-၂၀၂၆ ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ Message ပို့ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

We kindly request all our Shareholders to check whether your Mobile number described on the invitation letter is the same with the registered Mobile numbers at Securities Companies. If you have not provided the Mobile number or the Mobile number you provided to Securities Companies is different from the number described on the invitation letter, please send the correct number to +959 889948890, not later than 20th October, 2026.

၆။ Online Registration ဖြင့် မှတ်ပုံတင်ရန် အခက်အခဲရှိသည့် အစုရှယ်ယာရှင်များအနေဖြင့် Ever Flow River Group Public Company Limited ၏ Corporate Secretary Department ၏ ဖုန်းနံပါတ်ဖြစ်သော +959 889948890 သို့ Viber Phone Number ဖြင့် မှတ်ပုံတင်မိတ္တူ (ရှေ့/နောက်)၊ အမည်၊ မှတ်ပုံတင်အမှတ်နှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို စာတိုပေးပို့၍ မှတ်ပုံတင်နိုင်ပါသည်။ Registration ပြုလုပ်ရန် website link - https://registration-voting.efrgroupmyanmar.com/

Shareholders who have difficulty to register online could send NRC (Front/Back) or Passport (Copy), Name, NRC or Passport number and Contact number to our Viber Phone number +959 889948890, for the registration. Website link for online registration - https://registration-voting.efrgroupmyanmar.com/

၇။ အစည်းအဝေးတက်ရောက်ရမည့် Zoom Meeting Link ကို ကိုယ်တိုင်မှတ်ပုံတင်ထားသော အစုရှယ်ယာရှင်များ နှင့် Ever Flow River Group Public Company Limited သို့ Viber Phone Number ဖြင့် ပေးပို့မှတ်ပုံတင်ထားသော အစုရှယ်ယာရှင်များ၏ အီးမေးလ် (သို့မဟုတ်) မှတ်ပုံတင်ထားသော ဖုန်းနံပါတ်သို့ ပြန်လည် ပေးပို့ပေးမည် ဖြစ်ပါသည်။

Zoom Meeting Link will be sent via email or phone number based on your registration method.

၈။ အွန်လိုင်းအစည်းအဝေးသို့ ကိုယ်တိုင် တက်ရောက်နိုင်ခြင်းမရှိပါက ကိုယ်စား အစည်းအဝေးတက်ရောက်ရန် ကိုယ်စားလှယ်လွှဲစာ (Proxy Form for Annual General Meeting) တွင် လိုအပ်သော အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်၍ (၂၀-၁၀-၂၀၂၆) ရက်နေ့ ညနေ (၅:၀၀) နာရီ မတိုင်မီ Ever Flow River Group Public Company Limited သို့ စာတိုက်မှ ဖြစ်စေ၊ ကုမ္ပဏီ အီးမေးလ်လိပ်စာ (info@efrgroupmm.com) မှ ဖြစ်စေ ကြိုတင်ပေးပို့ထားရန် လိုအပ်ပါသည်။

Shareholders who are not available to join the online meeting could fill up the proxy form for appointing a proxy to attend the Annual General Meeting and send it back to Ever Flow River Group Public Company Limited Head Office by post or via email (info@efrgroupmm.com) not later than 5:00 p.m. on 20th October, 2026.

၉။ အွန်လိုင်းဖြင့် မဲပေးရန်အတွက် E-Voting Link ကို ကိုယ်တိုင်မှတ်ပုံတင်ထားသော အစုရှယ်ယာရှင်များ နှင့် Ever Flow River Group Public Company Limited ကုမ္ပဏီသို့ Viber Phone Number ဖြင့် ပေးပို့မှတ်ပုံတင်ထားသော အစုရှယ်ယာရှင်များ၏ အီးမေးလ် (သို့မဟုတ်) မှတ်ပုံတင်ထားသော ဖုန်းနံပါတ်သို့ ပြန်လည်ပေးပို့ပေးမည်ဖြစ်ပါသည်။ Online Voting ပေးရန် link- https://registration-voting.efrgroupmyanmar.com/online-voting

E-Voting link for Online Voting will be sent to registered shareholders (shareholders who registered via Viber or email for Online-Voting) via email or registered phone number accordingly. Link for online voting- https://registration-voting.efrgroupmyanmar.com/online-voting

၁၀။ အစုရှယ်ယာရှင်များအနေဖြင့် မေးမြန်းအကြံပြုလိုသည့် အချက်အလက်များရှိပါက Ever Flow River Group Public Company Limited ၏ Email လိပ်စာဖြစ်သော info@efrgroupmm.com သို့ အီးမေးလ်ဖြင့်လည်းကောင်း၊ စာတိုက်မှ တဆင့် ရန်ကုန်ရုံးချုပ်သို့သော်လည်းကောင်း ၂၀၂၆ ခုနှစ် အောက်တိုဘာလ (၂၀) ရက်နေ့ ညနေ (၅: ၀၀) နာရီ နောက်ဆုံးထား၍ ပေးပို့ပေးရန် လိုအပ်ပါသည်။

For any queries or comments, please send to Ever Flow River Group Public Company Limited Head Office by post or via email info@efrgroupmm.com not later than 5:00 p.m. on 20th October, 2026.

Board of Directors

Ever Flow River Group Public Co., Ltd.

## နှစ်ပတ်လည် အထွေထွေအစည်းအဝေးတက်ရောက်ရန် ကိုယ်စားလှယ်လွှဲစာပုံစံ

## Proxy Form for Annual General Meeting

Ever Flow River Group Public Co., Ltd. ၏ အစုရှယ်ယာရှင် တစ်ဦးဖြစ်သူ ကျွန်ုပ် ....................................... နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် ............................................ ကိုင်ဆောင်သူသည် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်နေ့ (ကြာသပတေးနေ့) နေ့လည် (၃:၀၀) နာရီတွင် ကျင်းပပြုလုပ်မည့် Ever Flow River Group Public Co., Ltd. ၏ ဒသမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် မဲဆန္ဒပေးခွင့်ရှိသူ၊ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူအဖြစ် အောက်ဖော်ပြပါပုဂ္ဂိုလ်အား ရွေးချယ်ခန့်အပ်ပါသည်။

I/We ……………………………., NRC/Passport/Register Number ……………………….. of being (a) holder(s) of Ordinary Share of the Ever Flow River Group Public Company Limited hereby appoint the following mentioned person as my/our proxy to attend, represent and vote for me/us and on my/our behalf at the 10th Annual General Meeting (AGM) of the Company which will be convened at 3:00 p.m. on 29th October, 2026 and at any adjournment thereof.

အကွက်အတွင်း အမှန်ခြစ်၍ ရွေးချယ်ပါ။

Please tick the ☑ for your vote.

အောက်ပါပုဂ္ဂိုလ် (၃) ဦးမှ တစ်ဦးဦး (သို့မဟုတ်) အခြားသော ပုဂ္ဂိုလ်အား ရွေးချယ်ခွင့်ရှိသည်။

| | |
|---|---|
| ☐ ဦးကျော်လွင်ဦး (ဥက္ကဋ္ဌ)<br>U Kyaw Lwin Oo (Chairman) | အခြားပုဂ္ဂိုလ်ဖြစ်လျှင်<br>If any other person as proxy |
| ☐ ဦးမောင်မောင်ဦး (ဒုဥက္ကဋ္ဌ)<br>U Maung Maung Oo (Vice-Chairman) | အမည် (Name)<br>……………………………………. |
| ☐ ဒေါ်ခင်ဆုံ (ဘဏ္ဍာရေးဒါရိုက်တာ)<br>Daw Khin Sone (Finance Director) | နိုင်ငံသားစိစစ်ရေးကဒ်အမှတ်<br>(NRC/Passport Number)<br>………………………………… |

**မှတ်ချက်**

**Notes:**

၁။ အစုရှယ်ယာရှင်သည် ကိုယ်စားလှယ်ခန့်အပ်၍ အစည်းအဝေးသို့ တက်ရောက်စေခွင့်ရှိသည်။

A shareholder may appoint a proxy to attend, speak and vote instead of him or her at the AGM.

၂။ ကိုယ်စားလှယ်သည် အစုရှယ်ယာရှင်ဖြစ်ရန် မလိုအပ်ပါ။

A proxy need not be a shareholder.

၃။ ကိုယ်စားတက်ရောက်မည့် အစုရှယ်ယာရှင်များ အနေဖြင့် ဤကိုယ်စားလှယ်လွှဲစာတွင် ပြည့်စုံစွာ ဖြည့်စွက်၍ အစည်းအဝေး ကျင်းပမည့် နေ့ရက်မတိုင်မီ (၂၀-၁၀-၂၀၂၆) ရက်နေ့ ညနေ (၅:၀၀) နာရီ နောက်ဆုံးထား၍ စာတိုက်မှတဆင့် EFR Group Public Co., Ltd. ရုံးချုပ်သို့သော်လည်းကောင်း၊ email လိပ်စာ ဖြစ်သော info@efrgroupmm.com သို့ အီးမေးလ်ဖြင့် သော်လည်းကောင်း ပေးပို့ရန် လိုအပ်ပါသည်။

The proxy form must be filled up with all the described required information and sent it back to EFR Group Public Co., Ltd.'s Head office by post or via email (info@efrgroupmm.com) not later than 5.00 p.m. on 20th October, 2026.

သို့

Ever Flow River Group Public Co., Ltd.

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (        ) ရက်။

## ဒါရိုက်တာအဖြစ် ပါဝင်ရွေးချယ်ခံခြင်း အဆိုပြုလွှာ

## Proposal Form for Director Election

Ever Flow River Group Public Co., Ltd. တွင် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို လိုက်နာလျက် ၂၀၂၆-၂၀၂၇ ခုနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်သစ်များ ပြန်လည်ရွေးချယ်ခန့်အပ်ရာတွင် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်အရွေးအချယ်ခံလိုကြောင်း အဆိုပြုပါသည်။

I, hereby would like to propose to be elected as one of the board members in accordance with the Ever Flow River Group Public Co., Ltd.'s constitution for FY2026-2027.

အဆိုပြုသူလက်မှတ် -----------------------------

Signature

အဆိုပြုသူအမည် -----------------------------

Name

မှတ်ပုံတင်အမှတ် -----------------------------

NRC/Passport Number

နေရပ်လိပ်စာ -----------------------------

Address

## ဒါရိုက်တာအဖြစ် အရွေးခံရန် အဆိုပြုနိုင်သည့် အစုရှယ်ယာရှင်၏ အရည်အချင်း သတ်မှတ်ချက်များ

## Director's Qualifications

၁။ အစုရှယ်ယာအရေအတွက် (၂၅၀,၀၀၀) နှင့်အထက် ပိုင်ဆိုင်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ(၂၀၁၇) ပုဒ်မ ၁၇၅ ပါအချက်များကိုလိုက်နာနိုင်သူ ဖြစ်ရမည်။

Must have a minimum of two-hundred and fifty thousand (250,000) qualified shares and need to comply with Section (175) of the Myanmar Companies Law.

၂။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပြဋ္ဌာန်းထားသည့် ဒါရိုက်တာအရည်အချင်းနှင့် ပြည့်မီ၍ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအား လိုက်နာနိုင်သူဖြစ်ရမည်။

Need to meet and comply with all the qualification of the Directors described in the Company's constitution.

၃။ အဆိုပြုလွှာနှင့်အတူ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်းစာရင်းမိတ္တူ၊ ဓာတ်ပုံ (၂)ပုံ ပါရှိရမည်။

NRC Copy, Form (10) Copy and two Passport Photos must be attached with the Proposal Form.

၄။ ပူးတွဲပါ ကိုယ်ရေးမှတ်တမ်းအကျဉ်းတွင် ပြည့်စုံစွာ ဖြည့်စွက်၍ ပြန်လည်ပေးပို့ရမည်။

Personal Profile Form must be attached also.

၅။ ၂၀-၁၀-၂၀၂၆ ရက်နေ့ ညနေ (၅:၀၀) နာရီထက် နောက်မကျဘဲ စာတိုက်မှဖြစ်စေ EFR Group Public Co., Ltd. ၏ E-mail info@efrgroupmm.com သို့ ပေးပို့ရမည်။

All the above mentioned information need to be sent to Ever Flow River Group Public Co., Ltd.'s Head Office by post or via email (info@efrgroupmm.com) not later than 5:00 p.m. on 20th October, 2026.

## ၂၀၂၆-၂၀၂၇ ခုနှစ် အတွက် Ever Flow River Group Public Co., Ltd. ၏ ဒါရိုက်တာအဖြစ် ပါဝင်အရွေးခံလိုသူ၏ ကိုယ်ရေးမှတ်တမ်းအကျဉ်း

## Personal Profile for Director Election

၁။ အမည် - ------------------------------------------
Name

၂။ နိုင်ငံသားမှတ်ပုံတင်အမှတ် - ------------------------------------------
NRC/Passport Number

၃။ မွေးသက္ကရာဇ် - ------------------------------------------
Date of Birth

၄။ ပညာအရည်အချင်း - ------------------------------------------
Education

၅။ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ - ------------------------------------------
Race & Religion

၆။ အဘအမည် - ------------------------------------------
Father's Name

၇။ လက်ရှိနေရပ်လိပ်စာ - ------------------------------------------
Address ------------------------------------------

၈။ ဆက်သွယ်ရန် ဖုန်းနံပါတ် - ------------------------------------------
Phone Number

၉။ အီးမေးလ် ------------------------------------------
Email Address

၁၀။ ဝယ်ယူထားသည့် အစုရှယ်ယာလက်မှတ် - ------------------------------------------
အမှတ်နှင့် အရေအတွက် ------------------------------------------
Number of Shares Holding

၁၁။ ကုမ္ပဏီလုပ်ငန်းအတွေ့အကြုံ - ------------------------------------------
Working Experience ------------------------------------------

အထက်ဖော်ပြပါ အကြောင်းအရာများမှာ မှန်ကန်ပါကြောင်းနှင့် ဒါရိုက်တာအဖြစ် ရွေးချယ်ခံရပါက လက်ခံဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

I, hereby admit all the above information is correct and that I will accept it if elected as a director.

လက်မှတ် (Signature)…………………………………

အမည် (Name)………………………………………